| | |
|---|---|
| မေးခွန်း(၁) | BG Deposit Account ဆိုသည်မှာ အဘယ်နည်း။ |
| အဖြေ(၁) | Bank Guarantee against Deposit Lien များ ဝယ်ယူရာတွင် Customer ဘက်မှ အတိုးရရှိစေရန်ရည်ရွယ်၍ BG Deposit Account အား မိတ်ဆက်ခြင်းဖြစ်ပါသည်။ Bank Guarantee Against Deposit Lien တွင် အသုံးပြုရန်အတွက်သာ ဘဏ်စာရင်းဖွင့်လှစ်ရမည် ဖြစ်ပါသည်။ |
| မေးခွန်း(၂) | BG Deposit Account ဘဏ်စာရင်းများ ဖွင့်လှစ်ရာတွင် မည်သည့်စာရင်းအမျိုးအစားများ ဖွင့်လှစ်နိုင်ပါသနည်း။ |
| အဖြေ(၂) | BG Deposit Account ဘဏ်စာရင်းများ ဖွင့်လှစ်ရာတွင် တစ်ဦးတည်းဘဏ်စာရင်း၊ ပူးတွဲဘဏ်စာရင်း၊ ကုမ္ပဏီ/ အဖွဲ့အစည်း ဘဏ်စာရင်းများ ဖွင့်လှစ်နိုင်ပါသည်။ |
| မေးခွန်း(၃) | BG Deposit Account ဘဏ်စာရင်းများ ဖွင့်လှစ်ရာတွင် မည်သည့် Transaction များ လုပ်ဆောင်နိုင်သနည်း။ |
| အဖြေ(၃) | BG Deposit Account ဘဏ်စာရင်းများ ဖွင့်လှစ်ရာတွင် Bank Guarantee Purpose အတွက်သာ ငွေသွင်း/ငွေထုတ် လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။<br><br>ထိုဘဏ်စာရင်းအား ငွေသားထည့်သွင်းခြင်း၊ ငွေသားထုတ်ယူခြင်း၊ စာရင်းပြောင်းခြင်းများ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ Ordinary Account နှင့် Cash Account ဘဏ်စာရင်းတို့မှ BG Deposit Account ဘဏ်စာရင်းသို့ စာရင်းပြောင်းနည်းဖြင့် ငွေထည့်သွင်းခြင်း၊ ပြန်လည်ထုတ်ယူခြင်းတို့ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ |
| မေးခွန်း(၄) | BG Deposit Account ဘဏ်စာရင်းဖွင့်လှစ်ရာတွင် ငွေကျပ်မည်မျှဖြင့် စတင်ဖွင့်လှစ်နိုင်မည်နည်း။ |
| အဖြေ(၄) | BG Deposit Account ဘဏ်စာရင်းဖွင့်လှစ်ရာတွင် ကျပ် ၁၀၀၀ မှစတင်၍ ဖွင့်လှစ်နိုင်မည် ဖြစ်ပါသည်။ |
| မေးခွန်း(၅) | BG Deposit Account ဘဏ်စာရင်းသည် အတိုးမည်မျှရရှိသနည်း။ |
| အဖြေ(၅) | BG Deposit Account ဘဏ်စာရင်း၏ အတိုးနှုန်းသည် တစ်နှစ်လျှင် ၆% ဖြင့် နေ့စဉ် တွက်ချက်ပေးမည်ဖြစ်ပြီး သုံးလလျှင် တစ်ကြိမ် အတိုးထည့်သွင်းပေးမည် ဖြစ်ပါသည်။ |
| မေးခွန်း(၆) | BG Deposit Account ဘဏ်စာရင်းဖွင့်လှစ်လျှင် Customer အား မည်သည့် အထောက်အထားများ ပြန်လည်ပေးအပ်မည်နည်း။ |

အဖြေ(၆) BG Deposit Account ဘဏ်စာရင်းသစ်ဖွင့်လှစ်ပါက ငွေစုဘဏ်စာအုပ် ထုတ်ပေးမည် ဖြစ်ပါသည်။

မေးခွန်း(၇) BG Deposit Account ဘဏ်စာရင်းအား Mobile Banking တွင် အသုံးပြုနိုင်မည်လား။

အဖြေ(၇) BG Deposit Account ဘဏ်စာရင်းအား Mobile Banking တွင် ကြည့်ရှုနိုင်မည်ဖြစ်ပြီး Mobile Banking တွင် ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ စာရင်းပြောင်းခြင်းများအား လုပ်ဆောင်၍ မရရှိနိုင်ပါ။

မေးခွန်း(၈) BG Deposit Account အား အခြားကတ်စာရင်းများ၊ ဘဏ်စာရင်းများဖြင့် ချိတ်ဆက်အသုံးပြု၍ ရနိုင်မည်လား။

အဖြေ(၈) မရရှိနိုင်ပါ။